# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကို အသေးစိတ်လေ့လာရေးသားပြုစုထားသော စာတမ်း (ဂျပန်ဘာသာ) Ver.2

**2020.11.16**

**ဂျပန်သက္ကရာဇ် 2နှစ် ဒေသဆိုင်ရာကျန်းမာရေးဘက်စုံ မြှင့်တင်ရေး စီမံကိန်း**
**ဂျပန်အမျိုးသားကျန်းမာရေးဌာန၏ကမ္ဘာလုံးဆိုင်ရာ သုတေသနအဖွဲ့မှ ※ပြုစုပြင်ဆင်**

(ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးမြှင့်တင်ဖို့ နည်းလမ်းများနှင့် ဂျပန်အမျိုးသားကျန်းမာရေးဌာန၏
အတွေ့အကြုံ အသိပညာများကို ဖွံဖြိုးဆဲနိုင်ငံများထံ ဖြန့်ဝေပေးနိုင်ဖို့ နည်းလမ်းရှာဖွေမှု) သုတေသနအဖွဲ့။

အောက်ပါတို့သည် ကျန်းမာရေးဌာနမှ ကိုရိုနာဗိုင်းရပ်ကူးစက်မှုနှင့် ပတ်သက်၍ စနစ်ကျသော စစ်တမ်းတခု ပြုလုပ်ပြီး နိုင်ငံခြားသားများအတွက် ကိုးကားအသုံးပြုနိုင်စေရန် ရည်ရွယ်သောစာတမ်းဖြစ်သည်။ လိုအပ်သလို လွတ်လပ်စွာကိုးကားအသုံးပြုနိုင်ပါသည်။အင်္ဂလိပ်ဘာသာမဟုတ်သော အခြားဘာသာများသို့ ဘာသာပြန်ဆိုလိုပါက ဂျပန်ဘာသာမှ အခြားဘာသာသို့မပြောင်းဘဲ အင်္ဂလိပ်ဘာသာမှ အခြားဘာသာသို့ ပြောင်းပါက ပိုနားလည်လွယ်ပါသည်။ သတိပြုပေးပါ။ထို့ပြင် [ ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုကောင်တာများ]တွင် နိုင်ငံခြားသားများအတွက် (http://www.phcd.jp/t-gaikoku/)မှာ အလျဉ်းသင့်သလို လေ့လာနိုင်ပါသည်။ အောက်ပါတို့မှ အနီရောင်စာလုံးများကို ○○ဘာသာဖြင့်ဘာသာပြန်ပေးပါ။

## A) မိမိကိုယ်ကိုမိတ်ဆက်ခြင်း

1. တွေ့ရတာဝမ်းသာပါတယ်။ကျွန်ုပ်၏နာမည် NIHON TARO ဖြစ်ပါတယ်။

2. ကျွန်ုပ်သည် ○○ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းဖြစ်ပါတယ်။

3. ကျွန်ုပ်သည် ○○ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဆရာဝန်ဖြစ်ပါတယ်။

4. ကျွန်ုပ်သည် ○○ကျန်းမာရေးဌာနမှ အုပ်ချုပ်ရေး အရာရှိဖြစ်ပါတယ်။

## B) ဂျပန်ကျန်းမာရေးဌာန၏ ရှင်းလင်းချက်

5. ဂျပန် ကျန်းမာရေးဌာန၏လုပ်ငန်း တာဝန်များသည် သင်တို့တိုင်းပြည်နှင့် မတူကွဲပြားတာမျိုးရှိနိုင်ပါသည်။

6. ဂျပန် ကျန်းမာရေးဌာန၏ အဓိက တာဝန်မှာ ဒေသတွင်းနေထိုင်သူများအားလုံးရဲ့ ကျန်းမာရေးကို စောင့်ရှောက်ရမည့်တာဝန်ဖြစ်ပါသည်။ အစားအစာသန့်ရှင်းရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ တီဘီနှင့် ကူးစက်ရောဂါ ကာကွယ်ရေး စသော ပြည်သူ့ကျန်းမာရေးသန့်ရှင်းရေး လုပ်ငန်းများကိုလုပ်ဆောင် ပါသည်။

7. သို့သော် ဂျပန်ကျန်းမာရေးဌာနက ဆေးကုသခြင်း ဆေးပေးခြင်း စသော ကုသရေးဝန်ဆောင်မှုများ သင့်အား တိုက်ရိုက်မပေးပါ။

8. ပြည်သူ့ကျန်းမာရေးသူနာပြုဆိုသည်မှာ ကျန်းမာရေးဌာနကဲ့သို့အစိုးရဌာနမှာ အလုပ်လုပ်သည့်သူနာပြုဖြစ်ပါသည်။ ကျွန်တော်တို့သည် ဒေသအတွင်းရှိသူများ ကျန်းကျန်းမာမာနဲ့ စားဝတ်နေထိုင်ရေးအတွက် လိုအပ်တဲ့ ကူညီမှုများကိုပြုလုပ်ပါသည်။

9. ပြည်သူ့ကျန်းမာရေး ဆရာဝန်ဆိုသည်မှာ ကျန်းမာရေးဌာနစသည့် အစိုးရဌာနတွင် အလုပ်လုပ်နေသော ဆရာဝန်ဖြစ်ပြီး ကူးစက်ရောဂါကာကွယ်ရေးကို ချိတ်ဆက်ဆောင်ရွက်ပါသည်။ ကူးစက်ရောဂါဆိုင်ရာ စစ်တမ်းပြုစုရေး အခြေအနေများကို အကဲဖြတ်ပေးပြီးရောဂါ ထပ်မံကူးစက်ပြန့်ပွားများကို ကာကွယ်ရမည့် နည်းလမ်းများနှင့် ပတ်သက်ပြီး အကြံပြုချက်များကို တင်ပြပါသည်။

## C) စစ်ဆေးခြင်းနှင့်ပတ်သက်သောရှင်းလင်းချက်

10. ရောဂါလက္ခဏာမှ ထိစပ်မှုရာဇဝင်ရှိ၊သွားလာလှုပ်ရှားမှုသမိုင်းရှိ ၊ အနီးကပ်ထိတွေ့သူဖြစ်ကြောင်းအရ သင်သည် ကိုဗစ်19 ရောဂါစစ်ဆေးခြင်းကို ခံယူဖို့လိုအပ်နေပါသည်။

11. စစ်ဆေးခြင်းမှာ သလိပ် တံတွေး နှာခေါင်းတွင်းနှာတံသွင်း၍ နမူနာထုတ်ယူခြင်း နှာခေါင်းအတွင်းပိုင်းမှ ကိုယ်တိုင်ထုတ်ယူခြင်းစသည်တို့နှင့် အခြား(     ) နည်းလမ်းဖြင့် အကောင်အထည်ဖော်ပါမည်။

12. စစ်ဆေးခြင်းရလဒ်မှာ (    )နာရီ/ရက်အတွင်း အဖြေထွက်ပါမည်။ အဖြေထွက်သည်အထိ အိမ်တွင်နေပြီး အထူးသဖြင့် အခြားလူနှင့် မတွေ့ရန် ဂရုပြုရပါမည်။

13. အဖြေထွက်သည်အထိ ဆေးရုံမှာစောင့်နေရပါမည်။

14. Positive ပြပါက ဆေးရုံတက်ရပါမည်။

15. Negative ဖြစ်ခဲ့ရင်လည်း ၂ပါတ်လောက်အတွင်း ကျန်းမာရေးအနေအထားကိုဂရုစိုက်သတိ ပြုရပါမည်။ နေထိုင်မကောင်းသည့်အခါ ကျန်းမာရေးဌာနကို အကြောင်းကြားပါ။

## D) အသေးစိတ်စစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်သောရှင်းလင်းချက်

16. လုပ်ရိုးလုပ်စဉ်အတိုင်း ( လူနာအား အသေးစိပ် စစ်တမ်းကောက်ယူ မှတ်တမ်းတင် ) ရေးသား ပြုလုပ်ထားသော စစ်တမ်းဆိုသည်မှာ အထူးသဖြင့် ကူးစက်ရောဂါဖြစ်ပွားသော ဒေသတွင်းရှိ တာဝန်ခံ ကျန်းမာရေးဌာနက အကောင်ထည်ဖော် စစ်ဆေးပါသည်။ ဤစစ်ဆေးချက်မှာ ဂျပန်၏ ကူးစက် ရောဂါ ကာကွယ်ရေး နည်းလမ်း များကို အခြေခံပြီးလုပ်ဆောင်ပါသည်။ ဒေသတွင်း ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ဖို့အတွက် ကူးစက်မှုအမြင့်ဆုံးအနေအထား၊ ကူးစက်ရသည့် အကြောင်းရင်းဇစ်မြစ် ၊ ရောဂါ၏ လမ်းကြောင်း စသည်တို့ကို ရှာဖွေပါသည်။

17. သင့်ရဲ့ပုဂ္ဂိုလ်ရေးအချက်လက်များကို ဂျပန်နိုင်ငံရဲ့ ပုဂ္ဂိုလ်ရေးအချက်လက် ထိန်းသိမ်းရေး ပေါ်လစီပေါ် အခြေခံပြီး တင်းကျပ်စွာထိန်းသိမ်းပြီး သင့်ရဲ့ပုဂ္ဂိုလ်ရေးအချက်အလက်များကို သေချာစွာထိန်းသိမ်းမည် ဖြစ်သောကြောင့် စိတ်ချနိုင်ပါသည်။

18. အားလုံးထံမှ ရရှိသော အဖိုးတန်သည့် အချက်လက်များကို အခြေခံပြီး ကိုရိုနာဗိုင်းရပ် ကူးစက်ရောဂါ လက္ခဏာငုပ်လျှိုးနေသည့် ကာလ ၊ကူးစက်လမ်းကြောင်း၊ ကူးစက်ရောဂါရင်းမြစ် တို့ကိုရှာဖွေပါသည်။ ဤစစ်ဆေးချက်၏ရလဒ်မှာ ကိုရိုနာကူးစက်ရောဂါနှင့်ပတ်သက်ပြီး ကာကွယ်ဖို့ ပိုမိုကောင်းမွန်သည့် နည်းလမ်းများရဖို့ များစွာအထောက်ကူ ဖြစ်စေပါသည်။ ပူးပေါင်းကူညီခြင်းကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

## E) **ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကို အသေးစိတ်လေ့လာရေးသားပြုစုထားသောစာတမ်း ( ပထမဆုံးရှင်းလင်းချက် )**

ရောဂါလက္ခဏာတူ သံသယရှိလူနာဖြစ်ပြီး အလွန်ပြင်းထန်နိုင်သည့်ရာခိုင်နှုန်းများပါက

19. သင်၏ခရီးသွားရာဇဝင်၊ ထိတွေ့မှုရာဇဝင်၊ ရောဂါလက္ခဏာစသည်တို့မှ ကိုရိုနာရောဂါကူးစက်ခံနေရသည်ဟု အလွန်သံသယရှိနေပါသည်။ သင့်ဆီမှထုတ်ယူခဲ့သော နမူနာအတွင်းတွင် ရောဂါပိုးရှိမရှိကို စစ်ဆေးမှုကို အကောင်ထည်ဖေါ်နေပါသည်။အဖြေမထွက်သေးပေမယ့် လိုလိုမယ်မယ် သင့်ရဲ့ လတ်တလော ကျန်းမာရေး အခြေအနေများကို မေးခွင့်ပြုပါ။

ရောဂါရှိကြောင်းအတည်ပြုပြီး ရောဂါလက္ခဏာလည်းပြသောအခါ

20. သင့်မှာ ကိုယ်ပူခြင်းနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိနေပြီး သင့်ထံမှထုတ်ယူခဲ့သော ဆေးစစ်ရန်နမူနာကို စစ်ဆေးရာမှာ ကိုရိုနာဗိုင်းရပ်ကို စစ်ဆေးတွေ့ရှိရပါသည်။ သင်သည် ကိုရိုနာရောဂါ ကူးစက်ခံလူနာလို့ သတ်မှတ်ခံနေရပါသည်။ ဤရောဂါနှင့်ပတ်သက်ပြီး နားမလည်သေးသောအကြောင်းအရာများစွာ ရှိပြီး သင်က ဘယ်ပုံဘယ်နည်းနဲ့ ကူးစက်ခံခဲ့ရတယ်ဆိုတာ စဉ်းစားဖို့လိုပါသည်။ တဖန် သင်က တခြားသူကိုကူးစက်ခဲ့ခြင်းရှိမရှိကို နောက်ကြောင်းလိုက်ဖို့လည်း အရေးကြီးပါသည်။ ဤစစ်ဆေးမှုတွေအတွက် ပူးပေါင်းပါဝင်ပေးပါ။

ရောဂါရှိကြောင်းအတည်ပြုပြီး ရောဂါလက္ခဏာမပြသော ပိုးရှိသူဆိုပါက

21. သင်သည် သွေးအတွင်း ကိုရိုနာကူးစက်ရောဂါပိုး စစ်ဆေးတွေ့ရှိရသော်လည်း ဘာရောဂါ လက္ခဏာမှ မတွေ့ရသေးပါဘူး။ကိုရိုနာကူးစက်ရောဂါကူးစက်ခံရသည်ဟု သတ်မှတ်ခံရသည်နှင့်တပြိုင်နက်ရောဂါလက္ခဏာမပြသောကိုရိုနာကူးစက်ခံရသူဟု သတ်မှတ်ခံရပါမည်။လက္ခဏာ မပြသူသည် ထိုရောဂါကို တခြားသူကိုကူးစက်စေခြင်း ရှိမရှိက အတိအကျ မသိရသေးပါဘူး။ ထပ်မံပြီး သင်က ဘယ်လိုကူးစက်

ခံခဲ့ရလည်းဆိုတာကို ကျွန်ုပ်တို့က စဉ်းစားဖို့ လိုအပ်ပါသည်။ ဤစစ်ဆေးမှုတွေအတွက် ပူးပေါင်းပါဝင်ပေးပါ။

**အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူ**

22. ကျွန်ုပ်တို့က သင်သည်ကိုရိုနာရောဂါ ကူးစက်ခံရသူဟု သတ်မှတ်ခံရသူနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူဟု ယူဆပါသည်။

23. ကျွန်ုပ်တို့က သင်သည်ကိုရိုနာရောဂါ ကူးစက်ခံရသူဟု သံသယရှိသူနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူဟု ယူဆပါသည်။

24. နောက်ဆုံးအနီးကပ်ထိတွေ့ခဲ့သည့်နေ့မှ ၁၄ရက်တာကာလအတွင်း သင့်ကျန်းမာရေးအခြေအနေကို ဂရုစိုက်ရပါမည်။အကယ်၍သင့်မှာ ကိုယ်ပူခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများပြလာသောအခါ ဆေးရုံဆေးခန်း သွားမပြခင် [ ပြန်လည်ဝင်ရောက်လာသူ ထိတွေ့ဆက်ဆံမှု ရှိသူများ တိုင်ပင်ဆွေးနွေးရာစင်တာ] သို့ ဖုန်းဆက်ပါ။ ဘာသာစကားမျိုးစုံဖြင့် ပြန်လည်ဖြေကြားပေးမယ့် ဖုန်းနံပါတ်က XXX ဖြစ်ပါသည်။

**F) ကိုရိုနာဗိုင်းရပ်ရောဂါ အသေးစိတ်စစ်တမ်းကောက်ယူခြင်း**
**(အခြေခံကျသာ စစ်ဆေးမည့်အကြောင်းအရာ)**

25. အခုကစပြီး သင့်ကို မေးခွန်းအနည်းငယ် မေးပါမည်။
မေးခွန်း1) သင်နဲ့ပတ်သက်တဲ့အချက်အလက်
2) သင်ရဲ့သွားလာလှုပ်ရှားမှုနဲ့ပတ်သတ်သော အချက်အလက် ဆိုပြီး အမျိုးအစား၂ခုခွဲပါမည်။ အကယ်၍ နားမလည်တာရှိပါက အချိန်မရွေး မေးမြန်းပါ။

26. သင့်ကို ကျန်းမာရေးဝန်ထမ်းများက မေးခဲ့တဲ့မေးခွန်းများနဲ့ ဆင်တူသောမေးခွန်းများကို ကျွန်ုပ်တို့က ထပ်မေးသလို ဖြစ်နိုင်သောကြောင့် နားလည်ပေးပါ။

**1) သင်နှင့်ပတ်သက်သောအချက်အလက်**

အသက်အရွယ်

27. သင့်ရဲ့အသက်ကိုမေးပါရစေ

နေရပ်

28. သင့်လိပ်စာကိုမေးပါရစေ

**ရောဂါလက္ခဏာပြောင်းလဲပုံ အဆင့်ဆင့်**

29. သင့်မှာ ဘယ်လိုရောဂါလက္ခဏာ ရှိပါသလဲ

30. ဘယ်တုန်းလောက်ကစပြီး သင်ကိုယ်ပူတက်ခဲ့ပါသလဲ

31. ဘယ်တုန်းလောက်ကစပြီး သင်ချောင်းဆိုးခဲ့ပါသလဲ

32. ဘယ်တုန်းလောက်ကစပြီး သင် အသက်ရှူကျပ်ခဲ့ပါသလဲ

33. သင့်ရောဂါလက္ခဏာက ဘယ်လောက်ကြာကြာ ဖြစ်နေခဲ့ပါသလဲ

**2) သင်ရဲ့ခရီးသွားရာဇဝင်နှင့်ပတ်သက်သောအချက်အလက်**

ခရီးသွားရာဇဝင် ရောက်ရှိနေထိုင်မှုရာဇဝင်

34. သင်သည် လွန်ခဲ့သော၂ပါတ်အတွင်းက ကိုဗစ်19ရောဂါပိုးကူးစက်ပျံ့နှံ့မှုရှိသော အရပ်ဒေသများသို့ ခရီးလာခဲ့ခြင်းရှိပါသလား

35. (သွားခဲ့တယ်ဆိုရင်) ဘယ်နေရာလဲ

36. ဘယ်တုန်းက ရောဂါပိုးကူးစက်ပျံ့နှံ့မှုရှိသော အရပ်မှာနေထိုင်ခဲ့ပါသလဲ

**ထိတွေ့မှုရာဇဝင်**

37. သင်သည် လွန်ခဲ့သော၂ပါတ်အတွင်းက ကိုဗစ်19ရောဂါရှိသူ သို့မဟုတ် ကူးစက်ခံရသူဟု သံသယရှိသူနှင့် ထိတွေ့ခဲ့တာမျိုးရှိခဲ့ပါသလား


ကိုးကား စာရွက်စာတမ်း

- ကိုရိုနာဗိုင်းရပ်ကူးစက် လူနာများအတွက် ကူးစက်ရောဂါနှင့်ပတ်သတ်သော အသေးစိပ်စစ်တမ်း လမ်းညွှန်ချက်များ (ယာယီထုတ်ဝေမှု)
  https://www.niid.go.jp/niid/images/epi/corona/2019nCoV-02-200206.pdf
- ကပ်ရောဂါအန္တရာယ်ထိန်းချုပ်ရေး (စာမျက်နှာ ၁၅၀-၁၅၃၊ ရေးသားသူ-တထယူခိ အဟိကို၊ ပုံနှိပ်တိုက်-အိဂခု ရှောအင်း)
- ဂျပန်အမျိုးသားကျန်းမာရေးဌာန ကမ္ဘာလုံးဆိုင်ရာ သုတေသနအဖွဲ့၊ နိုင်ငံခြားသားများအတွက် ကျန်းမာရေး စီမံခန့်ခွဲမှုကောင်တာရဲ့လမ်းညွှန်၊ ဒုတိယအကြိမ်ထုတ်ဝေမှု (အတည်မပြုရသေးသောစာမူ)